# ၁၉၅၈ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၂။]
(၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၈ ခုနှစ်၊ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။ နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေ၏ပုဒ်မ ၄ (၁) တွင် "ဒုတိယဥက္ကဋ္ဌ" ဆိုသည့်စကားရပ် အသီးသီးအစား၊ "ဒုတိယဥက္ကဋ္ဌများ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။ **

၃။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၉ တွင် —

(က) အပိုဒ် (က) ၌ "ဒုတိယဥက္ကဋ္ဌ" ဆိုသည့် စကားရပ်အစား "ဒုတိယဥက္ကဋ္ဌများ" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) အပိုဒ် (ဆ) ၌ "အဖွဲ့အစည်းအဝေး"၊ ဆိုသည့်စကားရပ်နောက်တွင်၊ "သို့တည်းမဟုတ် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး"၊ ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၄ ။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၇ တွင် —

(က) အပိုဒ် (ယ) ၌ "ဒုတိယဥက္ကဋ္ဌအားလည်းကောင်း" ဆိုသည့်စကားရပ်အစား၊ "ဒုတိယဥက္ကဋ္ဌ များအားလည်းကောင်း" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(ခ) အပိုဒ် (ယ) နောက်၌၊အောက်ပါကို၊ အပိုဒ် ( c) အဖြစ် ထည့်သွင်းရမည်။

"(c) ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌအားလုံးပါဝင်သည့် အလုပ်အမှုဆောင်အဖွဲ့ကို ခန့်ထား၍၊ ထိုအလုပ်အမှုဆောင်အဖွဲ့အား၊ ဤအက်ဥပဒေပါကိစ္စများ ဆောင်

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၈ ခုနှစ်၊ မတ်လ (၁၅) ရက်၊ စာမျက်နှာ - ၆၀၈

** ၁၉၆၃ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (အမှတ် ၃/၆၃) ဖြင့် ပုဒ်မ ၄ ကို အစားထိုးသည်။

ရွက်ရန်အလို့ငှာ၊ အဖွဲ့ကလိုအပ်သည်၊ ထင်မြင်သည့်အဖွဲ့၏ အလုပ်ဝတ္တရားများနှင့် အာဏာများကိုလွှဲအပ်နိုင်သည့်အာဏာ။"

(ဂ) ရှိရင်းအပိုဒ် (င)၊ (စ) နှင့်(ဆ)ကို၊ အပိုဒ် (စ)၊ (ဆ) နှင့်(ဇ)၊ အဖြစ် အသီးသီး ပြန်လည် အက္ခရာစဉ်ရမည်။

၅။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၉ တွင် —

(က) ရှိရင်းပုဒ်မ ၁၉ ကို၊ ပုဒ်မ ၁၉ ၏ ပုဒ်မခွဲ (၁) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

(ခ) ထိုသို့ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (၁) ၏ အပိုဒ် (ဂ) ၌ "ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ"၊ ဆိုသည့်စကားရပ်အစား၊ "ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့"၊ ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ဂ) ထိုသို့ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (၁) နောက်၌၊ အောက်ပါကို၊ ပုဒ်မခွဲ (၂) အဖြစ် ထည့်သွင်းရမည်။

"(၂) ဤအက်ဥပဒေပါကိစ္စများ ထမြောက် အောင်မြင်စွာဆောင်ရွက်နိုင်ရန် အလို့ငှာ၊ ဥက္ကဋ္ဌသည်၊ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများ၊ သို့တည်းမဟုတ် စည်းကမ်းဥပဒေများအရ ဖြစ်စေ မိမိသုံးစွဲဆောင်ရွက်နိုင်သည့် အာဏာနှင့်တာဝန်ဝတ္တရား အားလုံးကို သော်လည်းကောင်း၊ အချို့ကိုသော်လည်းကောင်း သင့်တော်သည် ထင်မြင်သည့် ဒုတိယဥက္ကဋ္ဌတစ်ဦးဦးအား၊ သို့တည်းမဟုတ် အဖွဲ့ဝင်တစ်ဦးဦးအား၊ သို့တည်းမဟုတ် အဖွဲ့၏အရာရှိတစ်ဦးဦးအား၊ အဖွဲ့၏ ကြိုတင်သဘောတူညီချက်ဖြင့်၊ အခါအားလျော်စွာ လွှဲအပ်နိုင်သည်။"

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၉ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်။
(၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်။)

အမိန့်အရ
ပါစိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။